ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

**ပြည်ထောင်စုဝန်ကြီးရုံး**

**အမိန့်ကြော်ငြာစာ**

အမှတ်၊ ၆၂ /၂၀၂၀

၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၀ ရက်)

စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနသည် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅၁၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤစည်းမျဉ်းများကို ထုတ်ပြန်လိုက်သည်။

၁။ ဤစည်းမျဉ်းများကို **ဝင်ငွေခွန်စည်းမျဉ်းများကို တတိယအကြိမ် ပြင်ဆင်သည့်စည်းမျဉ်းများဟု** ခေါ်တွင်စေရမည်။

၂။ ဤစည်းမျဉ်းများသည် ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်မှစ၍ အကျိုးသက်ရောက်စေရမည်။

၃။ ဝင်ငွေခွန်စည်းမျဉ်းများတွင် "ကုမ္ပဏီများဆိုင်ရာအခွန်ရုံး"ဆိုသည့် စကားရပ်ကို "အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၁၁၊ စည်းမျဉ်းခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) ဤစည်းမျဉ်းခွဲ (က)၊ (ခ) နှင့်(ဂ)တို့အရ လက်ဝေ့ဆောင်ရွက်ရာ၌ခက်ခဲသည့်ကိစ္စများတွင် အခွန်ထမ်းနေထိုင်ရာဒေသနှင့်ဆိုင်သည့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးက ဆောင်ရွက်ရမည်။ အခြားကိစ္စရပ်များအတွက် ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ပေးသည့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး သို့မဟုတ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၇ အရ အမိန့် ကြော်ငြာစာဖြင့် ထုတ်ပြန်ဖွဲ့စည်းပေးထားသည့် အဖွဲ့ရုံးက ဆောင်ရွက်ရမည်။"

၅။ ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၁၃ တွင် -

(က) စည်းမျဉ်းခွဲ (က)ကို စည်းမျဉ်းခွဲ (က)၊ စည်းမျဉ်းခွဲငယ် (၁) အဖြစ် ပြောင်းလဲ သတ်မှတ်ရမည်။

(ခ) စည်းမျဉ်းခွဲ (က) ဇယားအောက်ခြေရှိ စာပိုဒ်ကို အောက်ပါအတိုင်း အစားထိုး၍ စည်းမျဉ်းခွဲ (က)၊ စည်းမျဉ်းခွဲငယ် (၂) အဖြစ် ပြောင်းလဲသတ်မှတ်ရမည် -

"(က)(၂) စည်းမျဉ်းခွဲ (က)၊ စည်းမျဉ်းခွဲငယ် (၁) ဇယားတွင် ဖော်ပြမထားသည့် ကိရိယာတန်ဆာပလာများ သို့မဟုတ် အခြား မ-တည် အပိုင်ပစ္စည်းများနှင့် စပ်လျဉ်း၍ နုတ်ပေးရမည့် တန်ဖိုးလျော့ငွေမှာ စည်းမျဉ်းခွဲ (ခ) နှင့် အကျုံးမဝင်လျှင် မူရင်းတန်ဖိုးအပေါ် ငါးရာခိုင်နှုန်း ဖြစ်စေရမည်။"

(ဂ) စည်းမျဉ်းခွဲ (က)၊ စည်းမျဉ်းခွဲငယ် (၂) ၏နောက်၌ စည်းမျဉ်းခွဲငယ် (၃)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(က)(၃) ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အောက်ပါ ကိစ္စရပ်များအတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများနှင့် တန်ဖိုးလျော့နှုန်းတို့ကို သတ်မှတ်ပေးနိုင်သည် -

(ကက) ဒြပ်မဲ့ရရန်ပိုင်ခွင့်များ၊

(ခခ) တန်ဖိုးနည်း မ-တည် အပိုင်ပစ္စည်းများ။"

(ဃ) စည်းမျဉ်းခွဲ (က)၊ စည်းမျဉ်းခွဲငယ် (၃) ၏နောက်၌ စည်းမျဉ်းခွဲငယ် (၄)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(က)(၄) ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အောက်ပါ ကိစ္စရပ်များအတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများနှင့် တန်ဖိုးလျော့နှုန်းတို့ကို သတ်မှတ်ခွင့်ပြုပေးနိုင်သည် -

(ကက) ဤစည်းမျဉ်းခွဲပါ တန်ဖိုးလျော့နှုန်းထက် လျော့၍ဖြစ်စေ၊ ပို၍ဖြစ်စေ ခံစားလိုကြောင်း အခွန်ထမ်းက လျှောက်ထားလာသည့် ကိစ္စရပ်များ၊

(၁၁) တန်ဖိုးလျော့ ခံစားသည့်နည်းလမ်း ပြောင်းလဲခြင်းဆိုင်ရာ ကိစ္စရပ်များ။"

၆။ ဝင်ငွေခွန် စည်းမျဉ်းများ စည်းမျဉ်း ၁၄ တွင်-

(က) စည်းမျဉ်းခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(က) နှင့် (ခ) တို့အရ နုတ်ယူထားသော ငွေအားလုံးကို နုတ်ယူသူသည် ထိုသို့ နုတ်ယူထားသည့်နေ့မှ ၁၅ ရက်အတွင်း သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၏ ဘဏ်ငွေစာရင်းသို့ ပေးသွင်းရမည်။ နုတ်ယူထားသည့်နေ့မှ ၁၅ ရက်အတွင်း ပေးသွင်းသည့်ကိစ္စတွင် ပေးသွင်းသည့်နေ့ရက်သည် ဝင်ငွေနှစ် ကုန်ဆုံးသည့်နေ့မှ ၁၅ ရက်အတွင်း ဖြစ်ပါက ပေးသွင်းသော အခွန်ကို သက်ဆိုင်ရာ ဝင်ငွေနှစ်အတွက် ပေးသွင်းသည့် အခွန်အဖြစ် မှတ်ယူရမည်။ သို့ရာတွင် လိုအပ်လျှင် ညွှန်ကြားရေးမှူးချုပ်သည် ပေးသွင်းရမည့် နေ့ရက်၊ ပေးသွင်းရမည့် နည်းလမ်းတို့နှင့်စပ်လျဉ်း၍လည်းကောင်း၊ စည်းမျဉ်းခွဲ(ဂ)ပါ သတင်းအချက်အလက် ပေးပို့ရမည့် နေ့ရက်၊ ပေးပို့ရမည့် နည်းလမ်းတို့နှင့် စပ်လျဉ်း၍ လည်းကောင်း သတ်မှတ်ပေးနိုင်သည်။"

(ခ) စည်းမျဉ်းခွဲ (ဂ) တွင် ပါရှိသော "ခုနစ်ရက်" ဆိုသည့် စကားရပ်ကို "၁၅ ရက်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

စိုးဝင်း

ပြည်ထောင်စုဝန်ကြီး

**************************************************

စာအမှတ်၊ ၈၁၁၈ / ဘဏ္ဍာ - ၂ / ၁ / ၂၀၁၅ (၂၆၉၁ / ၂၀၂၀)

ရက် စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၀ ရက်

<u>ဖြန့်ဝေခြင်း</u>

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
မြန်မာနိုင်ငံစာရင်းကောင်စီ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် အဖွဲ့အစည်းများအားလုံး

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာ ပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ |

ဌာနဝန်ကြီးရုံး၊ ဌာနခွဲများ အားလုံး

အမိန့်အရ

10/6/2020

(ထွန်းထွန်းနိုင်)
အမြဲတမ်းအတွင်းဝန်